# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 2, 2019 | Volume 24, Number 2


## ၂.၁၀.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄/- ကျပ် |
| CBM Rate | = ၁၅၃၄.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၆.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၀၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အခွန်နှုန်းလျှော့ချသတ်မှတ်ပေးမှု အိမ်ခြံမြေဈေးကွက်မလှုပ်ခတ်နိုင်



၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက် ဥပဒေတွင် ဝင်ငွေရလမ်း တင်ပြနိုင်ခြင်း မရှိသော အသုံးပြုသည့် ဝင်ငွေအပေါ် ပြည်တွင်း အခွန်များဦးစီးဌာနက စည်းကြပ်ရန် နှုန်းထားများကို လျှော့ချပြင်ဆင်သတ်မှတ်လိုက်ခြင်းမှာ အိမ်ခြံမြေဈေး အတက်၊ အကျ လှုပ်ခတ်မှု မရှိနိုင်သော်လည်း မြန်မာနိုင်ငံ၏ ရပ်တန့်နေသော စီးပွားရေးယန္တရားကို နှိုးဆွပေးရာရောက်ကြောင်း သိရသည်။

အခွန်နှုန်းထားလျှော့ချပေးလိုက်သဖြင့် မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှုများကြောင့် စာချုပ်စာတမ်းမှတ်ပုံတင်သူများပြားလာကာ နိုင်ငံတော်အတွက် ဘတ်ဂျက် တိုးတက်ရရှိလာမည်ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး (၁) ဖိုးလမင်းအိမ်ခြံမြေအကျိုးဆောင်(မန္တလေး)မှ ဦးဝဏ္ဏစိုးက သုံးသပ်ပြောဆိုသည်။ ရပ်တန့်နေတဲ့ မြေဈေးကွက်ကတော့ အရောင်းအဝယ်ဖြစ်လာမယ်။ ဈေးနှုန်းတက်ခြင်း၊ ကျခြင်းအပေါ်မှာ မလှုပ်ခတ်နိုင်ဘူး။ စီးပွားရေးနဲ့ဝင်ငွေဆိုင်ရာနဲ့ တိုက်ရိုက်အချိုး ကျတာပေါ့။ အခွန်လျှော့ပေးတာရဲ့ သက်ရောက်လာနိုင်မှုကတော့ အရပ်ကတိနဲ့ဝယ်တယ်၊ အရပ်စာချုပ်နဲ့ဝယ်တဲ့သူတွေက အခွန်ဆောင်ပြီး ပြည့်ဝတဲ့ ပိုင်ဆိုင်မှုရလာမယ်။ နိုင်ငံတော်အတွက် အခွန်ငွေတွေပိုရလာမယ်။ ဒီဘက်မှာ ထူးခြားမှုရှိလာမယ်ဟု ၎င်းကပြောဆိုသည်။ ၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေကြမ်းကို စက်တင်ဘာ ၁၉ ရက်ကပြုလုပ်သည့် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အခွန်အကောက်နှုန်းထားများကို တစ်ကျပ်မှ ကျပ် သိန်း ၁၀၀၀ အထိ သုံးရာခိုင်နှုန်း၊ ၎င်းနှင့်အထက် ကျပ်သိန်း ၃၀၀၀ အထိ ငါးရာခိုင်နှုန်း၊ ၎င်းနှင့်အထက် ကျပ်သိန်း ၃၀၀၀၀ အထိ ၁၀ ရာနှုန်းနှင့် ၎င်းအထက်ရာခိုင်နှုန်း ၃၀ ကောက်ခံရန် အတည်ပြုခဲ့ပြီး ယခင်ဥပဒေအရ ၁၅ ရာခိုင်နှုန်း၊ ရာခိုင်နှုန်း ၂၀၊ ရာခိုင်နှုန်း ၃၀ ဖြစ်ရာ နှုန်းထားများလျှော့ချပေးခဲ့ခြင်းဖြစ်သည်။ အိမ်ခြံမြေဈေးကွက်တက်ခြင်း၊ ကျခြင်းဆိုတာက စီးပွားရေးဖြစ်ထွန်းမှုနဲ့ဆိုင်တယ်။ ပြီးခဲ့တဲ့လတွေက မွန်နဲ့ကရင်ပြည်နယ်ဘက်မှာ သဘာဝဘေး

ဖြစ်တယ်။ ရှမ်းမြောက်မှာ တိုက်ပွဲတွေကြောင့် ကုန်သွယ်ရေးလမ်းကြောင်း ရပ်ထားရပြီး ကုန်သည်တွေဆုံးရှုံးကြတော့ သိသာတဲ့ မြေဈေးကွက်ကောင်းတယ်ဆိုတာမျိုး ဖြစ်မလာနိုင်ဘူးဟု ၎င်းကဆက်လက်ပြောဆိုသည်။

လျှော့ချပေးလိုက်သော အခွန်အကောက်ဥပဒေအရ ရပ်တန့်နေးကွေးနေသော စီးပွားရေးအဝန်းအဝိုင်း ယန္တရားတစ်ခုလုံး နှိုးဆွပေးလိုက်သည့်အခြေအနေ ဖြစ်လာနိုင်ကြောင်း၊ ယခင်အစိုးရလက်ထက်ကတည်းက ယခုကဲ့သို့လျှော့ချပေးနိုင်ရေး အတွက် အစိုးရထံအကြံပြုတင်ပြခဲ့ရာက လက်ခံစဉ်းစားပြီး အတည်ဖြစ်လာကြောင်းသိရသည်။ အရင်တစ်နှစ်က မြေအတွက် ပတ်ကား စာချုပ်လုပ်ဖို့ သွားစုံစမ်းတော့ အခွန် ၁၅ ရာခိုင်နှုန်းပေးဆောင်ရရင် ကျွန်တော့်မြေကွက်က ရာဖြတ်တန်ဖိုး ကျပ်သိန်း ၅၀၀ မှာ ၇၅ သိန်းအခွန်ဆောင်ရတော့မှာ။ ဒါနဲ့မလုပ်ဖြစ်ခဲ့ဘူး။ အခုအတည်ပြုလိုက်တဲ့နှုန်းနဲ့ဆိုရင် ၁၅ သိန်းပဲဆိုတော့ ဒီနှုန်းနဲ့ ဆိုရင် အခွန်ဆောင်ပြီး ပတ်ကားစာချုပ်လုပ်နိုင်တယ်ဟု မန္တလေးမြို့သစ်နေ ဦးထွန်းထွန်းကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/129078.html

## အမေရိကန်ထိပ်သီးကုမ္ပဏီများမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ရောက်ရှိနေပြီး တယ်လီကွန်း၊ ဒစ်ဂျစ်တယ် နည်းပညာရပ်ဆိုင်ရာများ၊ မော်တော်ကားလုပ်ငန်းနှင့် လက်ကားရောင်းချခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည်




အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဦးဆောင်သော အမေရိကန် ထိပ်သီးကုမ္ပဏီများ ပါဝင်သည့်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိနေပြီး မြန်မာနိုင်ငံတွင် တယ်လီကွန်းလုပ်ငန်း၊ ဒစ်ဂျစ်တယ် နည်းပညာရပ်ဆိုင်ရာများ၊ မော်တော်ကားလုပ်ငန်းနှင့် လက်ကားရောင်းချခြင်း လုပ်ငန်းများတွင် အမေရိကန်နှင့်မြန်မာလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှသိရသည်။ အမေရိကန်နိုင်ငံ US-ASEAN Business Council နှင့်ကုန်သည်စက်မှု အသင်းချုပ်တို့ ပူးပေါင်း၍ "Business Meeting with US-ASEAN Business Council Delegation" ကိုစက်တင်ဘာ ၃၀ ရက်က ကုန်သည်စက်မှု အသင်းချုပ်၌ ကျင်းပခဲ့သည်။ US-ASEAN Business Council မှ President & CEO ဖြစ်သူ Mr. Alexander C. Feldman မှ အဓိကကတော့ ရင်းနှီးမြှုပ်နှံမှုကိုတိုးမြှင့်ဖို့ပါ။ အမေရိကန်ကုမ္ပဏီ အများအပြားလည်း ပါပါတယ်။ နှစ်နိုင်ငံအကြားကုန်သွယ်မှုရော၊ ပူးပေါင်းဆောင်ရွက်မှုများပါ တိုးမြှင့်လုပ်ဆောင်သွားကြမှာပါဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်သွားကြမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း များ တိုးမြှင့်ရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ပေါ်ထွက်လာသော ဈေးကွက်ကို ရင်ပေါင်တန်းနိုင်ရေး၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံတွင် တယ်လီကွန်းလုပ်ငန်း၊ အာမခံလုပ်ငန်း၊ လက်ကားရောင်းချခြင်းနှင့် ဖြန့်ချိရေးလုပ်ငန်းများကို အလျင်အမြန်တိုးတက်စေချင်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာများ၊ မော်တော်ကား လုပ်ငန်းနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများဆိုင်ရာများတွင်လည်း အမေရိကန်စီးပွားရေးလုပ်ငန်းများ ပိုမိုပါဝင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel၊ အမေရိကန် စီးပွားရေး ကုမ္ပဏီများဖြစ်ကြသော Abbott, Amazon, Bower Group Asia. Chervon, Chubb, Coca-Cola, Diageo, Ford, Google, Jhpiego, MasterCard, Visa တို့မှလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ မြန်မာနိုင်ငံသို့ စီးပွားရေးမစ်ရှင် လာရောက်လျက်ရှိသည့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ Senior Vice President and Regional Managing Director ဖြစ်သူ Mr. Michael W. Michalak ဦးဆောင်သော အမေရိကန်ထိပ်သီးကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့်အဖွဲ့ လာရောက် ဆွေးနွေး လျက်ရှိခြင်းဖြစ်သည်။ အဆိုပါအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် အခွန်နှင့်ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ၊ တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာအကူအညီပေးရေးဆိုင်ရာကိစ္စများနှင့် လုပ်ငန်းချဲ့ထွင်နိုင်ရေးကိစ္စရပ်များကို DICA ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် ဆွေးနွေးခဲ့ကြသည်။ ၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံတွင် နိုင်ငံအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်းအရ အမေရိကန်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၀ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်းဖြင့် အဆင့် ၁၃ နေရာတွင် ရပ်တည်နေသည်။

**Source:** https://news-eleven.com/article/137824

## အီရန်ခြိမ်းခြောက်မှုကြောင့် ကမ္ဘာ့ရေနံဈေးထိုးတက်နိုင်ဟုဆော်ဒီသတိပေး



အီရန်ရဲ့ ခြိမ်းခြောက်မှုရန်ကို ကမ္ဘာနိုင်ငံတွေအနေနဲ့ ကိုင်တွယ်တားဆီးနိုင်ခြင်း မရှိဘူးဆိုရင်တော့ ရေနံဈေးတွေဟာ မယုံနိုင်ကြည်လောက်အောင် ထိုးတက်သွားနိုင်ကြောင်း ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားက သတိပေးလိုက်ပါတယ်။ ဆော်ဒီအာရေဗျနဲ့ အီရန်တို့အကြား စစ်ပွဲဖြစ်မယ်ဆိုရင်လည်း ကမ္ဘာ့စီးပွားရေးကို ထိခိုက်ပျက်စီးစေမှာ ဖြစ်ကြောင်း ဆော်ဒီအိမ်ရှေ့စံ bin Salman က ပြောသွားပါတယ်။ ယင်းမတိုင်မီက သီတင်းပတ်နှစ်ပတ်လောက်ကလည်း ဆော်ဒီရေနံချက် စက်ရုံနှစ်ရုံ တိုက်ခိုက်ခံရတဲ့ ဖြစ်စဉ်ပေါ် ပေါက်ခဲ့ပြီး၊ ဒါနဲ့ ပတ်သက်လို့လည်း အီရန်ကိုအပြစ်ဖို့ထားပါတယ်။

ခုချိန်မှာ တစ်ကမ္ဘာလုံးအနေနဲ့ အီရန်ကို တားဆီးဖို့ ခိုင်မာသေချာတဲ့ လုပ်ဆောင်ချက်မျိုး မလုပ်နိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့တွေအနေနဲ့ ကမ္ဘာ့အကျိုးစီးပွားတွေကို ခြိမ်းခြောက်မယ့် နောက်ထပ်အန္တရာယ်တွေကို မြင်ရပါလိမ့်မယ်လို့ ဆော်ဒီအိမ်ရှေ့စံက အင်တာဗျူးတစ်ခုမှာ သတိပေးပြောသွားပါတယ်။ ရေနံထုတ်လုပ်ရောင်းချမှုတွေမှာလည်း ထိခိုက်ပျက်ပြားနိုင်တယ်၊ ပြီးတော့ ရေနံဈေးတွေကတော့ ကျွန်တော်တို့ဘဝမှာ တစ်ခါမှ မမြင်တွေ့ထားခဲ့ရတဲ့ မယုံနိုင်စရာကိန်းဂဏန်းတွေကို တက်သွားနိုင်ပါတယ်လို့ ၎င်းကသတိပေးသွားပါတယ်။

**Source:** https://www.facebook.com/SFJWeekly/photos/a.361167873970511/2692955840791691/?type= 3&theater

## တရုတ်နိုင်ငံသို့ မီးသွေးမှောင်ခိုတင်ပို့နေသည့်ယာဉ်များ ကချင်ပြည်နယ် မန်ဝိန်းကြီးဒေသနှင့် ရှမ်းမြောက်ဒေသမှ နေ့စဉ် ဆယ်နှင့်ချီ ထွက်ရှိနေ

တရုတ်နိုင်ငံသို့ မီးသွေးမှောင်ခို တင်ပို့နေသည့်ယာဉ်များ ကချင်ပြည်နယ် မန်ဝိန်းကြီးဒေသနှင့် ရှမ်းမြောက်ဒေသမှ နေ့စဉ်ဆယ်နှင့်ချီ ထွက်ရှိနေကြောင်း ဒေသခံများနှင့်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအေးမင်းကပြောကြားသည်။ တရုတ်နိုင်ငံသို့ မီးသွေးတင်ပို့သည့်လုပ်ငန်းမှာ ယခင်ကာလက အနည်းစုသာရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံမှ တောင်သူထွက်ပစ္စည်းအမျိုးမျိုးနှင့် သစ်မှောင်ခိုလုပ်ငန်းများကိုတားမြစ်ခဲ့ပြီး မီးသွေးတင်ပို့သည့်လုပ်ငန်းတစ်ခုကို စစ်ဆေးတား မြစ်မှုကင်းဝေးသဖြင့် ယခုကဲ့သို့ များပြားလာခြင်းဖြစ်ကြောင်း ဒေသခံလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအေးမင်းက သုံးသပ်ပြောကြားသည်။ ၎င်းက ၂၀၁၈ ခုနှစ်မှာ တရုတ်ဘက်က တောင်သူထွက်တွေမဝယ်တော့ ဒေသခံတွေအရှုံးပေါ်တယ်။ တရုတ်ဘက်က မီးသွေးတစ်ခုပဲလွှတ်ထားလို့ အခုလိုဖြစ်သွားတာပါ။ ကချင်ပြည်နယ်နဲ့ ရှမ်းမြောက်တစ်ခုလုံး ဖြစ်သွားတာပါ။ ကချင်ပြည်နယ်နဲ့ ရှမ်းမြောက်ဆက်သွယ်ထားတဲ့လမ်းက ပိတ်ထားတာလည်း ရှစ်နှစ်ကျော်ပြီဆိုတော့ ဒေသခံတွေက ဘယ်ကိုမှထွက်ပေါက်မရှိသလိုဖြစ်နေတယ်။ သက်ဆိုင်ရာ အစိုးရဘက်က ဒေသထွက်သီးနှံတွေကို တရုတ်ဘက်ကို တင်ပို့ခွင့်၊ ရောင်းဝယ်ခွင့်ရတာနဲ့ တချို့ကိစ္စက ဖြေရှင်းပြီးသားဖြစ်မှာပါ။ ဒေသခံတွေဘက်ကလည်း ဒီလိုဖြေရှင်းနေတာဟာ ကြာရှည်မဖြစ်နိုင်ဘူး။ မဖြစ်သင့်ဘူးလို့ ထင်ပါတယ်ဟု ပြောကြားသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ မီးသွေးကားများ၏အခြေအနေကို ယခုမှသာကြားသိရခြင်းဖြစ်ပြီး ဒေသခံများအခြေအနေဖြင့် အခက်အခဲများကို ဖြေရှင်းရန်လိုပါကြောင်း၊ မီးသွေးကိုရောင်းဝယ်တင်ပို့ခြင်းမှာ ထင်းစိုက်ခင်းဥပဒေအရသာ တစ်ခုတည်းရှိပါကြောင်း၊ ဥပဒေနှင့်မညီညွတ်ပါက ဝိုင်းဝန်းဖြေရှင်းရမည်ဖြစ်ကြောင်းပြောကြားသည်။ ကျွန်တော်တို့သိသလောက်တော့ နယ်စပ်တံတားတွေမှာ တပ်မတော်ဘက်က လုံခြုံရေးယူထားတဲ့အခြေအနေပါ။ အောက်ခြေမှာ ဖြစ်နေတဲ့အရာတွေကို အသေးစိတ် အမြန်ဆုံးစိစစ်သွားမှာပါဟုဆိုသည်။ ကချင်ပြည်နယ် နယ်စပ်ဂိတ်မှ တစ်နေ့လျှင် တန်တစ်ရာနီးပါး တင်ပို့နေမှုကို ၂၀၁၅ ခုနှစ် မတ် ၂၃ ရက်က ကချင်ပြည်နယ် လွှတ်တော်၌ မေးမြန်းဆွေးနွေးမှုများရှိခဲ့ပြီး သစ်သားမီးသွေးကို နိုင်ငံခြားတိုင်းပြည်သို့ တရားဝင်တင်ပို့ရောင်းဝယ်ခွင့် ရှိ/မရှိကို ဗန်းမော်မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရှိန်က မေးမြန်းခဲ့သည်။

တရုတ်နိုင်ငံသို့ မှောင်ခိုတင်ပို့နေသည့် မီးသွေးများမှာ ဗန်းမော်-မန္တလေး ကားလမ်းမှလည်းကောင်း၊ ဗန်းမော်-မန္တလေး ရေလမ်းကြောင်းမှလည်းကောင်း လမ်းနှစ်သွယ်ဖြင့်ဝင်ရောက်လာပြီး ဗန်းမော်မှတစ်ဆင့် ကားဖြင့်လွယ်ဂျယ်ဂိတ်ကိုဖြတ်ကာ တရုတ်နိုင်ငံသို့တင်ပို့နေသည်မှာ နှစ်ဆယ်ချီကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအချိန်တွင် ယင်းလမ်းကြောင်းမှာ ဂိတ်များစွာရှိနေပြီး ငွေပေးချေရမှုမကိုက်ခြင်း၊ တစ်ခါတစ်ရံ ဌာနတစ်ခုနှင့်တစ်ခု အပေးအယူမမျှတပါက ဖမ်းဆီးမှုများပြုလုပ်ခြင်းတို့ကြောင့်

ဗန်းမော်-လွယ်ဂျယ်လမ်းပိုင်းကို အသုံးပြုသူနည်းပါးသွားခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်ရိုးအတိုင်း ဆန်တက်ကာ မြစ်ကြီးနား-ကန်ပိုင်တီးလမ်းကြောင်းကို အသုံးပြုလာခြင်းဖြစ်ကြောင်း ပြောကြားကြသည်။ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံထွက် မီးသွေးများကို နှစ်စဉ်ပွင့်လင်းရာသီတိုင်း ဈေးကောင်းပေးဝယ်မှုများရှိခဲ့ပြီး ယင်းနိုင်ငံတွင် ဗျောက်အိုး၊ မီးရှူးမီးပန်းများပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းကုန်ကြမ်းအဖြစ်လည်းကောင်း၊ မြေဆီဩဇာများပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/137838

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးလိုက်ပြီးနောက် မြန်မာ့စီးပွားရေး ၆ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာ

မြန်မာ့စီးပွားရေးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးလိုက်ပြီး နောက် ၂၀၁၈-၁၉ ခုနှစ်အတွင်း ၆ ဒသမ ၄ ရာခိုင်နှုန်းသို့တိုးတက်လာဟု ICAEW ၏ နောက်ဆုံးထွက်ရှိထားသော Economic Update: South-East Asia အစီရင်ခံစာ အရသိရသည်။ အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ၊ ထုတ်ကုန်နဲ့လက်လီလက်ကား ရောင်းချရေးတွေ မြင့်တက်လာချိန်မှာ စီးပွားရေးအခြေအနေ အများကြီးတိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့ လုပ်အားခသက်သာမှုကြောင့် အပြည့်အဝ တဟုန်ထိုးမြင့်တက်လာရမယ့် စီးပွားရေးကဏ္ဍကို ဆုတ်ယုတ်စေနိုင်မယ့်အချက်တွေကိုလည်း ဂရုပြုသတိထား နေပါတယ်ဟု ICAEW ၏ တရုတ်နှင့် အရှေ့တောင်အာရှဆိုင်ရာ Regional Director ဖြစ်သူ Mark Billington က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားကောင်းလာခြင်း၏ အကျိုးဆက်အဖြစ် စီးပွားရေးလုပ်ကိုင်မှု အခြေအနေများနှင့်အခွန်စနစ်များ၊ နယ်ခြားကုန်သွယ်မှု သဘောတူညီချက် စနစ်များကိုပါ ရှင်းလင်းတိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်ပြီး ရေရှည်အနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ အခြေခိုင်စွာလုပ်ဆောင်နိုင်ရန်အတွက် အခြေခံစနစ်များနှင့် စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2034529566582825

## ယခုနှစ်ဘဏ္ဍာနှစ် ၁၁ လအတွင်း ရေထွက်ပစ္စည်း တန်ချိန် ငါးထောင်ကျော်တင်ပို့ ထား





၂၀၁၈-၁၉ ဘဏ္ဍာနှစ် ၁၁ လအတွင်း ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ မက်ထရစ်တန်ချိန် ၅၄၀၀၀၀ ကျော်အမေရိကန်ဒေါ်လာ ၆၆၀ ကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ရေထွက်ကုန်တွေ တိုးတက်တင်ပို့လာနိုင်ပေမယ့် ဈေးနှုန်းရရှိတာကတော့ အနည်းငယ်လျော့နည်းလာတယ်ဟုပြောသည်။ လက်ရှိတွင် ပြည်ပသို့ ငါး (၁၀) မျိုးခန့် အများဆုံးတင်ပို့နေကြောင်း၊ အဓိကတင်ပို့နိုင်သည်မှာ ငါးမြစ်ချင်းငါးအမျိုးအစားဖြစ်ပြီး ငါးတန်ငါးမျိုးကို ဒုတိယအများဆုံးတင်ပို့လျက်ရှိကြောင်းသိရသည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ငါးမြစ်ချင်း ဒုတိယအများဆုံး မွေးမြူသည့်နိုင်ငံဖြစ်ပြီး ပြည်ပသို့ အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သလို၊ ငါးတန် ငါးအမျိုးအစားကိုလည်း အများဆုံးမွေးမြူကြပြီး ပြည်တွင်းစားသုံးမှုနှင့် ငါးခြောက်လုပ်ငန်းများ၏ ကုန်ကြမ်းအဖြစ် အသုံးပြုလျက်ရှိကြောင်းသိရသည်။ မွေးမြူရေး ငါးပြည်ပ တင်ပို့ရောင်းချမှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာသန်း (၁၀၀) ကျော်ခန့်ရရှိတယ်။ ဒါကြောင့် မွေးမြူရေးငါးတွေကိုလည်း တိုးချဲ့မွေးမြူဖို့လိုအပ်တယ်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

မြန်မာ့ရေထွက်ကုန်များ တင်ပို့မှုက နှစ်ပေါင်း (၁၄) နှစ်အတွင်း တိုးတက်မှုအနည်းငယ်ရှိသည်ဟု ဆိုနိုင်သော်လည်း သိသာထင်ရှား၍ အရှိန်အဟုန်မြင့်မားသည့် တိုးတက်မှုအထိ ရောက်ရှိခြင်းမရှိသေးကြောင်းသိရသည်။ ငါးလုပ်ငန်းဦးစီး ဌာန၏ ၂၀၁၈ ခုနှစ် စာရင်းများအရ နိုင်ငံအတွင်း ငါးမွေးမြူရေးကန်ပေါင်း ၂၄၇၀၀၀ ကျော်၊ ပုစွန်မွေးမြူရေးကန်ပေါင်း ၂၄၀၀၀၀ ကျော်ရှိသည်။ လက်ရှိ စီးပွားဖြစ်မွေးမြူထုတ်လုပ်လျက်ရှိသည့် ငါးအမျိုးအစားများမှာ ရေချိုငါးများဖြစ်သော ငါးမြစ်ချင်း၊ ငါး ကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ ငါးတန်၊ ရေချိုငါးမုတ်၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငွေရောင်ငါးကြင်း၊ မြက်စား ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးပြေမ၊ ကကတစ်၊ ငါးရံ့၊ ငါးခူတို့ဖြစ်သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၃၄၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၅၃၀ ကျော်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၃၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၄၈၀ ကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၆၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၅၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၃၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၆၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၆၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2470208646397950?__tn__=K-R

## ပြောင်းဖူးစေ့ဈေးကွက်ပြောင်းလဲ တောင်သူအခက်အခဲကြုံ



ပြောင်းဖူးစေ့ဈေးကွက် ပြောင်းလဲမှုကြောင့် တောင်သူတွေ အခက်အခဲ တွေကြုံနေရတယ်လို့ ပဲ၊ပြောင်း၊ နှမ်းကုန်စည်အသင်း က တာဝန်ရှိသူ အချို့ဆီကသိရတယ်။ ပြီးခဲ့တဲ့နှစ်က တန်ချိန် သုံးသန်း ခန့် စိုက်ပျိုးထုတ်လုပ်တဲ့ ပြောင်းဖူးစေ့ဈေးကွက်က တရုတ်နိုင်ငံ ကို ရောင်းချနေရာက ထိုင်းနိုင်ငံကိုပြောင်းလဲ ရောင်းချနေ ရလို့ ဈေးနှုန်းနည်းသွားတယ်၊ ထိုင်းနိုင်ငံက မြန်မာနိုင်ငံရဲ့ ပြောင်းဖူး စေ့ကို ဈေးလျှော့ဝယ်ခြင်း၊ သယ်ယူပို့ဆောင်စရိတ်တိုးလာခြင်းတို့ကြောင့် ကုန်သည်တွေသာမက စိုက်ပျိုးထုတ်လုပ်သူတွေကိုပါ အကျိုးအမြတ် နည်းစေတယ်လို့ အသင်းတာဝန်ရှိသူတစ်ဦးကပြောတယ်။ တရုတ် ကုန်သည်တွေက လိုအပ်ချက်အခြေအနေပေါ်မူတည်ပြီး ပြောင်းဖူးစေ့ဈေးကို တိုးမြှင့်ပေးလေ့ရှိပေမဲ့ နှစ်ဆန်းပိုင်းက စတင်ပြီး တရုတ်အစိုးရက တင်သွင်းခွင့်ပိတ်ထားတယ်လို့ပြောပါတယ်။ ထိုင်းနိုင်ငံကို နယ်စပ်ကုန်သွယ်ရေးနဲ့ တစ်ရက် ကို ပြောင်းဖူးစေ့ ၃၂ တန်တင် ၁၂ ဘီးကားအစီးရေ ၅၀ ကနေ ၁၀၀ ကြား နေ့စဉ်အဝင်ရှိကြောင်းသိရတယ်။

မြန်မာနိုင်ငံရဲ့နှစ်စဉ်မိုးရာသီနဲ့ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်တဲ့ ပြောင်းဖူးစေ့ကို ပြည်တွင်းက တန်ချိန် တစ်သိန်းခွဲခန့်ဝယ်ယူပြီး ကျန်ရှိနေတဲ့ တန်ချိန်တစ်သိန်းခွဲကျော်ကို ပြည်ပကိုတင်ပို့နေတယ်လို့သိရတယ်။

**Source:** https://www.kumudranews.com/news-35365?fbclid= IwAR1gD4APz1t17qOUKk5Q8y sklLJm ZN96lZg6yCvUSU0pybTESOA_qoUVu-w

## ကြံရာသီမှာ သကြားပေါက်ဈေးအပေါ်လိုက်ပြီး ကြံကိုဈေးဖြတ်ဝယ်ယူမည်

ကြံရာသီချိန်မှာ သကြားပေါက်ဈေးအပေါ်လိုက်ပြီး ကြံဈေးနှုန်းကို ဈေးဖြတ် ဝယ်ယူမှာဖြစ်ကြောင်း သကြားနဲ့ ကြံထွက် ပစ္စည်း လုပ်ငန်းရှင်များအသင်းက သိရတယ်။ နေ့စဉ်ဈေးကွက်က သကြားတစ်ပိဿာ ၉၅၀ ကျပ်ဆိုရင် ကြံတစ်တန်ကို ကျပ် ၃၇၀၀၀၊ သကြားတစ်ပိဿာ ကျပ် ၁၀၀၀ ဈေးဖြစ်ရင် ကြံတစ်တန်ကို ကျပ် ၃၉၀၀၀ သကြားတစ်ပိဿာ ကျပ် ၁၀၅၀ ဆိုရင် ကြံတစ်တန်ကို ကျပ် ၄၀၀၀၀၊ သကြားတစ်ပိဿာ ကျပ် ၁၂၀၀ဆိုရင် ကြံတစ်တန်ကျပ် ၄၃၀၀၀၊ သကြားတစ်ပိဿာ ကျပ် ၁၃၀၀ ဆိုရင် ကြံတစ်တန်ကို ကျပ် ၄၅၀၀၀ ဖြစ်တယ်၊ စက်ရုံ၊ နေရာဒေသနဲ့ ယှဉ်ပြိုင်မှုအပေါ် မူတည်ပြီး ဈေးနှုန်း အပြောင်းလဲရှိတယ် လို့ သကြားနဲ့ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းဌေးက ပြောတယ်။

လာမယ့်ကြံရာသီ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကနေ ၂၀၂၀ ခုနှစ် ဧပြီလအထိ စက်ရုံအလိုက် ကြံကြိတ်ဝါးဖို့ ဂရိတ်ဝေါ စက်ရုံက ကြံတန်ချိန် ၁၄ သိန်း၊ နဝဒေးစက်ရုံက ကြံတန်ချိန် ၁၁ သိန်းခန့်၊ မောင်းကုန်းသကြား စက်ရုံက ကြံတန်ချိန် ၁၀ သိန်းလျာထားကြောင်းသိရပါတယ်။ မောင်းကုန်းစက်ရုံတာဝန်ခံ ဦးထွန်းနိုင်က မနှစ်ကသကြားတွေ ဂိုဒေါင်ထဲမှာ ဒီအတိုင်းပဲ မရောင်းရဘူး၊ ဒီနှစ်တော့ သကြားဈေးပေါ်လိုက်ပြီး ကြံတစ်တန် ဝယ်ယူမယ့်ဈေးကို သတ်မှတ်ဖို့ပါ၊ စက်ရုံရော တောင်သူရောအဆင်ပြေဖို့ အစိုးရအနေနဲ့ ကာကွယ်ပေးဖို့လိုအပ် ပါတယ်၊ ထိုင်းနယ်စပ်ကနေ တရားဝင်ရော မဝင်တာရော တားဆီးပေးဖို့ လိုအပ်ပါတယ်လို့ ပြောပါတယ်။

ပြည်တွင်းကြံရာသီအလိုက် စိုက်ပျိုးရေးနဲ့သကြားထွက်ရှိမှု စာရင်းအရ ၂၀၁၅-၂၀၁၆ ခုနှစ်က စိုက်ဧက ၃၉၀၀၀၀ ကျော်မှာ သကြားတန်ချိန် ၃၉၀၀၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ဧက ၄၀၀၀၀၀ ကျော်မှာ သကြားတန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၇၂၀၁၈ ခုနှစ်က စိုက်ဧက ၄၄၀၀၀၀ ကျော်မှာ သကြားတန်ချိန် ၅၀၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ စိုက်ဧက ၅၀၀၀၀၀ နီးပါးရှိတယ်လို့ သိရတယ်။

**Source:**https://www.kumudranews.com/news-35368?fbclid=IwAR3d8H3nRuFKQjTKcw953iVXphorTEuFxmZDh3jL3yBT1cUZLWrLyPeSOe8

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးလိုက်ပြီးနောက် မြန်မာ့စီးပွားရေး ၆ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာ

မြန်မာ့စီးပွားရေးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးလိုက်ပြီးနောက် ၂၀၁၈-၁၉ ခုနှစ်အတွင်း ၆ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာဟု ICAEW ၏ နောက်ဆုံးထွက်ရှိထားသော Economic Update: South-East Asia အစီရင်ခံစာအရသိရသည်။ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ၊ ထုတ်ကုန်နဲ့ လက်လီလက်ကား ရောင်းချရေးတွေ မြင့်တက်လာချိန်မှာ စီးပွားရေးအခြေအနေအများကြီး တိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့လုပ်အားခသက်သာမှုကြောင့် အပြည့်အဝ တဟုန်ထိုးမြင့်တက်လာရမယ့် စီးပွားရေးကဏ္ဍကို ဆုတ်ယုတ်စေနိုင်မယ့် အချက်တွေကိုလည်း ဂရုပြုသတိထားနေပါတယ်" ဟု ICAEW ၏ တရုတ်နှင့် အရှေ့တောင်အာရှဆိုင်ရာ Regional Director ဖြစ်သူ Mark Billington က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားကောင်းလာခြင်း၏ အကျိုးဆက်အဖြစ် စီးပွားရေးလုပ်ကိုင်မှုအခြေအနေများနှင့် အခွန်စနစ်များ၊ နယ်ခြားကုန်သွယ်မှု သဘောတူညီချက်စနစ်များကိုပါ ရှင်းလင်းတိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်ပြီး ရေရှည်အနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ အခြေခိုင်စွာလုပ်ဆောင်နိုင်ရန်အတွက် အခြေခံစနစ်များနှင့် စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2034529566582825

## ပင်လယ်ငါး ဝင်ရောက်မှုများသည့်အတွက် ငါးခြောက်ဈေးနှုန်း ပိုမိုကျဆင်း

ယခုလတွင် ဈေးကွက်အတွင်းသို့ ပင်လယ်ငါး ဝင်ရောက်မှုများလာသည့်အတွက် ငါးခြောက်ဈေးနှုန်းကျဆင်းလာကြောင်း မြန်မာနိုင်ငံ ငါးပိငါးခြောက်ငံပြာရည်အသင်း အတွင်းရေးမှူး ဦးထွန်းစိန်၏ ပြောပြချက်အရ သိရပါတယ်။ ယခုနှစ် ငါးမဖမ်းရရာသီ ငါးမဖမ်းရကာလကို သုံးလသတ်မှတ်လိုက်သည့်အတွက် ပင်လယ်ငါးဖမ်းခွင့်ပြန်ဖွင့်ချိန် တွင် ပင်လယ်ငါးနှင့် ပုစွန်အများအပြား ဖမ်းဆီးရမိသောကြောင့် ငါးခြောက်ထုတ်လုပ်သူများအတွက် ငါးခြောက်ကုန်ကြမ်းပေါများစွာရရှိသဖြင့် ငါးခြောက်ဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်းသိရပါတယ်။ မိုးတွင်းကာလတွင် ငါးခြောက်ကုန်ကြမ်းများ မရရှိသည့်အတွက် ရေငန်ငါးလေး ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ အထိ ဈေးတက်သွားရာ မှ ယခုအခါ ငါးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ အထိ ဈေးနှုန်း ထက်ဝက်ခန့်ကျဆင်းလာကြောင်း သိရပါတယ်။

ငါးခြောက်ထုတ်လုပ်သူများအနေဖြင့် ပင်လယ်မှရရှိသော ကုန်ကြမ်းများဖြင့် ထုတ်လုပ်သကဲ့သို့ ရေချိုငါးခြောက်ကြိုက်နှစ်သက်သူများအတွက်လည်း မွေးမြူရေးငါးများကိုအသုံးပြု၍ ငါးခြောက်များ ဆက်လက်ထုတ်လုပ်လျက်ရှိကြောင်း၊ လက်ရှိဈေးကွက်အတွင်း ငါးပိဈေးနှုန်း တည်ငြိမ်နေသော်လည်း ငါးခြောက်ဈေးနှုန်းမှာ ကုန်ကြမ်းရရှိမှုပေါ်မူတည် ပြီး အတက်အကျရှိနေကြောင်း သိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2371-access-to-fish-in-fish-prices-fell-more.html

## ဩစတြေးလျ ဗဟိုဘဏ်အတိုးနှုန်းများ စံချိန်တင်လျှော့ချ

အောက်တိုဘာလ ၁ ရက်နေ့က ဩစတြေးလျဗဟိုဘဏ်ဟာ အတိုးနှုန်းတွေကို ဝ ဒသမ ၇၅ ရာခိုင်နှုန်းနဲ့ စံချိန်တင် လျှော့ချလိုက်ပါတယ်။ ဒါဟာ ကျဆင်းနေတဲ့စီးပွားရေးကို တွန်းအားပေးတဲ့အနေနဲ့ ဒီနှစ်အဖို့ တတိယအကြိမ် ဘဏ်တိုးနှုန်း လျှော့ချတာဖြစ်ပြီး လိုအပ်ခဲ့ရင်ပိုမိုလုပ်ဆောင်ဖို့ အသင့်ရှိတယ်ဆိုတာ ပြသလိုက်တာပါ။ အတိုးနှုန်းလျှော့ချတာ၊ အခွန်လျှော့ချတာ၊ အခြေခံအဆောက်အအုံပေါ် ပိုလျှံသုံးစွဲတာကနေ စီးပွားရေးအရ အကျိုးဖြစ်ထွန်းတာတွေနဲ့ ပြည်တွင်းစီးပွားရေးမှာ သိမ်မွေ့တဲ့ အလှည့်အပြောင်းဖြစ်စေတာကို ဗဟိုဘဏ်ကထောက်ပြတယ်လို့ ဘဏ္ဍာရေးဝန်ကြီး ဂျော့ရှ်-ဖရိုင်းဒန်ဘာက

ပြောပါတယ်။ ဘဏ်တွေအနေနဲ့ လျှော့ချလိုက်တဲ့ အတိုးနှုန်းအတိုင်း အပြည့်အဝ ဆက်လက်ဆောင်ရွက်သွားမယ် မျှော်လင့်တယ်ဆိုပြီး ဖရိုင်းဒန်ဘာကဆိုပါတယ်။

ဩစတြေးလျစီးပွားရေးဟာ ၂၈ နှစ်လုံးလုံး ကျဆင်းတာမရှိဘဲ တိုးတက်ခဲ့တာပါ။ ဒါပေမဲ့ မနှစ်ကတော့ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးတာ၊ ငွေကြေးဖောင်းပွမှု အနည်းငယ်ရှိတာ၊ အိမ်ခြံမြေဈေးကွက် မနိုင်မာတာနဲ့ အလုပ်လက်မဲ့နှုန်း မြင့်မားတာ တွေကြောင့် စီးပွားရေးကျဆင်းမယ့်အန္တရာယ် မြင့်မားလာနေပါတယ်။ ဩစတြေးလျဗဟိုဘဏ်ဟာ ကမ္ဘာလုံးဆိုင်ရာ ဖြစ်ပေါ်နေတဲ့ အတိုးနှုန်းကျဆင်းတဲ့ အခြေအနေတွေကို ထည့်သွင်းစဉ်းစားတယ်လို့လည်း ဘဏ္ဍာရေးဝန်ကြီး ဂျော့ရှ်-ဖရိုင်းဒန်ဘာ က ပြောကြားခဲ့ပါတယ်။

**Source: DVB TV News**

https://www.facebook.com/kope.aung

## သီလဝါအထူးစီးပွားရေးဇုန်သို့ ကားအပိုပစ္စည်းလုပ်ငန်းများ ဝင်ရောက်မြှုပ်နှံလာနိုင်ဟုဆို

ဂျပန်-မြန်မာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်နေသည့် သီလဝါအထူး စီးပွားရေးဇုန်၌ ဂျပန်ကားကုမ္ပဏီ နှစ်ခု ရင်းနှီး မြှုပ်နှံမှု ပြုလုပ်ထားရာ အိမ်နီးချင်းနိုင်ငံများမှ ကားအပိုပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများလည်း ထပ်မံဝင်ရောက် လာမည့်အခြေအနေ ရှိကြောင်း Myanmar Japan Thilawa Development Ltd (MJTD)၏ အမှုဆောင် အရာရှိချုပ် Mr. Tomoyasu SHIMIZI က ရောဝတီသို့ ပြောသည်။ ပြီးခဲ့သည့် စက်တင်ဘာ ၂၆ ရက်နေ့က သီလဝါ အထူးစီးပွားရေးဇုန်ရှိ MJTD ရုံး၌ မီဒီယာများနှင့် တွေ့ဆုံရာတွင် ရောဝတီ၏ မေးမြန်းချက်ကို ထိုသို့ပြောကြားခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဂျပန်ကားကုမ္ပဏီ ဆူဇူကီးနှင့် တိုယိုတာ ကားကုမ္ပဏီတို့သည် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားပြီး ဆူဇူကီးကားကုမ္ပဏီက Swift ၊ Ertiga နှင့် Ciaz ကား အမျိုးအစားများကို ထုတ်လုပ်လျက်ရှိကာ တိုယိုတာကား ကုမ္ပဏီကလည်း ၂၀၂၁ ခုနှစ် ကားထုတ်လုပ်ရေးလုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ဆူဇူးကီးကားကုမ္ပဏီက ၂၀၁၅ခုနှစ်မှ စတင်ကာ သီလဝါအထူးစီးပွားရေးဇုန်တွင် ကားထုတ်လုပ်ခဲ့ပြီး ၂၀၁၈ခုနှစ်တွင် ကားအစီးရေ ၁၀၅၀၀ ခန့် ထုတ်လုပ်ခဲ့ပြီး ပြည်တွင်းဈေးကွက်သို့ ဖြန့်ချီရောင်းချခဲ့ကာ လာမည့်နှစ်တွင်လည်း ကားအမျိုး အစား အသစ်များလည်း ထပ်မံတိုးချဲ့ထုတ်လုပ်သွားရန်လည်း စီစဉ်လျက်ရှိကြောင်း Suzuki (Myanmar) Motor ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr.Keiichi ASANO ကလည်း ရောဝတီသို့ပြောသည်။ ပြည်တွင်းမှာ ရောင်းအားကောင်းလာ တာနဲ့အမျှ ကျနော်တို့က တိုးချဲ့ထုတ်လုပ်ဖို့အတွက်ကို စက်ရုံကို တိုးချဲ့ပြင်ဆင်နေတယ်။ အခုက ကားအစီးရေ တသောင်းကျော်လောက်ထုတ်တယ်။ နောက်ဆိုရင် တသောင်းခွဲပေါ့ ဒါမှမဟုတ်လည်း အဲ့ဒီထက် ပိုထုတ်လာနိုင်တဲ့အတွက် ကြိုပြီးပြင်ဆင်လုပ်ဆောင်နေတယ်ဟုဆိုသည်။

လက်ရှိအချိန်တွင် ဆူဇူကီးကားစက်ရုံအတွက် လိုအပ်သော ကားအစိတ်အပိုင်းများကို ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံတချို့မှတင်သွင်းကာ သီလဝါအထူးစီးပွားရေးဇုန်တွင် SKD စနစ်ဖြင့်တပ်ဆင်ပြီး ပြည်တွင်းသို့ ရောင်းချလျက်ရှိ ကြောင်းသိရသည်။ အဆိုပါကားထုတ်လုပ်သော ဂျပန်ကုမ္ပဏီနှစ်ခုသည် သီလဝါတွင် ရင်းနှီးမြှုပ်နှံထားသော မြေဧက အကျယ်အဝန်းအထိ ကားစက်ရုံများကို အပြည့်အဝတိုးချဲ့ပြီးစီးပါက ရှေ့လာမည့်နှစ်များတွင် ကုမ္ပဏီနှစ်ခုမှ ကားအစီးရေ နှစ်သိန်းကျော်အထိ ထုတ်လုပ်နိုင်ကြောင်း သီလဝါအထူးစီးပွားရေးဇုန်အတွက် အကြံပေးအဖြစ် လုပ်ဆောင်နေသော ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ Mr.Yoichi MATSUI ကလည်း မီဒီယာများသို့ သီလဝါအထူးစီးပွားရေးဇုန်အခြေအနေများကို ရှင်းပြရာ၌ထည့်သွင်းပြောကြားခဲ့သည်။ ယင်းကြောင့် သီလဝါအထူးစီးပွားရေး ဇုန်တွင် ကားစက်ရုံများမှ ကားထုတ်လုပ်မှုကို တိုးချဲ့ထုတ်လုပ်လာမည့်နှင့်အမျှ ကားအစိတ်အပိုင်းထုတ်လုပ်သော စက်ရုံများ သည် လာရောက်ရင်းနှီးမြှုပ်နှံမှုကြမည့် အခြေအနေကောင်းများရှိနေကြောင်း၊ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ် ထားသော လုပ်ငန်းများသည် ပြည်ပသို့ ပို့ကုန်တင်ပို့သည့်လုပ်ငန်းများထက် ပြည်တွင်းဈေးကွက်တွင် လိုအပ်ချက်ရှိသော ကုန်ပစ္စည်းထုတ်လုပ်သောလုပ်ငန်းများက ပိုမိုများပြားကြောင်း ၎င်းကဆက်ပြောသည်။

လက်ရှိအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်း ၁၁၀ ကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး လုပ်ငန်း ၇၆ ခုမှာ လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်ကာ ကျန်လုပ်ငန်းများမှာ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။ ယင်းလုပ်ငန်းများတွင် ကားနှင့် ကားအပိုပစ္စည်းထုတ်လုပ်သော စက်ရုံပေါင်း ၅ ခုကျော်အထိရှိကြောင်း MJTD ထံမှသိရသည်။ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်

များစွာ အထောက်အကူဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု တခုရောက်ရှိလာခြင်းသည် ၎င်းနှင့်ဆက်စပ်သည့် အခြားလုပ်ငန်းများပါ ထပ်မံဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ဧရာဝတီသို့ပြောသည်။ ရင်းနှီးမြှုပ်နှံမှုက ပြည်ပကိုပဲပို့ပို့ ပြည်တွင်းမှာပဲရောင်းရောင်း ရင်းနှီးမြှုပ်နှံမှုလာတယ်ဆိုကတည်းက ကောင်းတယ်။ ကားလုပ်ငန်းတွေဆိုရင် ပြည်တွင်း စျေးကွက်အလားအလာရှိရင် ပြည်တွင်းအတွက် အရင်ထုတ်ရောင်းမယ် အဲ့ဒီကနေတဆင့် ပြည်ပကိုတင်ပို့ရောင်းချဖို့ထပ်တိုးချဲ့လာမယ်ဟုဆိုသည်။

အစိုးရ၏ တပတ်ရစ်ကားအဟောင်းများ တင်သွင်းမှုလျှော့ချနေသည့် မူဝါဒအရ နှင့် ရန်ကုန်လိုင်စင်ကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သောကားများ (SKD စနစ်ဖြင့်) ကိုသာ ထုတ်ပေးနေခြင်းကြောင့် အများပြည်သူများက ပြည်ပမှ တင်သွင်းသည့် ကားများထက် SKD စနစ်ဖြင့်ထုတ်လုပ်သော ကားအသစ်များကို စိတ်ဝင်စားမှုမြင့်တက်လျက်ရှိနေကြောင့် ကားလုပ်ငန်းရှင်များက ပြောဆိုကြသည်။ လတ်တလောတွင် ပြည်တွင်း၌ SKD စနစ်ဖြင့် ကားထုတ်လုပ်နေသည့် နာမည်ကြီးကားကုမ္ပဏီတချို့မှာ ဂျပန်ကားကုမ္ပဏီ Suzuki ၊ Nissan ၊ ကိုရီးယား ကားကုမ္ပဏီ KIA ၊ Hyundai ၊ အမေရိကန်ကားကုမ္ပဏီ FORD ဖြစ်ပြီး တရုတ်ကားကုမ္ပဏီများ အပါအဝင် ပြည်တွင်း ကုမ္ပဏီပေါင်း ၁၇ ခန့်က ကားထုတ်လုပ်သည့်လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ယင်းသို့ ကားထုတ်လုပ်ရေးလုပ်ငန်းအများအပြား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ခြင်းနှင့် SKD စနစ်ဖြင့် ကားအသစ်များကိုအရစ်ကျစနစ်များဖြင့်အလွယ်တကူ ဝယ်ယူလာနိုင်ခြင်းတို့ကြောင့် ကားအသစ်စျေးကွက်သည် ပြည်တွင်း၌ ပိုမိုအားကောင်းလာနိုင်မည်ဖြစ်၍ အဆိုပါလုပ်ငန်းများ နှင့် ဆက်စပ်သော ကားအစိတ်အပိုင်းထုတ်လုပ်သော လုပ်ငန်းများသည်လည်း ရင်းနှီးမြှုပ်နှံလာကြမည့် အလားအလာ ကောင်းရှိနေကြောင်း လုပ်ငန်းရှင်များကလည်းဆိုသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် ပြီးခဲ့သည့်ဩဂုတ်လအတွင်း၌ ဂျပန်-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာရန် ဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့ကာ သီလဝါအထူးစီးပွားရေးဇုန်သို့လည်း ပထမဦးဆုံးအကြိမ်အဖြစ် သွားရောက် လေ့လာခဲ့သည်။ မြန်မာနိုင်ငံသည် အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်လျက်ရှိပြီး ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်တခုသာ စတင်လည်ပတ်လျက်ရှိပြီး ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် တနင်္သာရီတိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရန် လုပ်ဆောင်နေဆဲဖြစ်သည်။

**Source: The Irrawaddy – Burmese Edition**

https://www.facebook.com/dootcheck.aleksander/posts/2362791783974098

## တင်ပို့ မှုနှင့် စျေးနှုန်းကျဆင်းသောကြောင့် ထိုင်းသကြားအထိနာ

ထိုင်းနိုင်ငံသကြားလုပ်ငန်းသည် တင်ပို့မှုကျဆင်းခြင်းနှင့် စျေးနှုန်းကျဆင်းခြင်း အကျပ်အတည်းနှစ်ခုကို ရင်ဆိုင်နေရကြောင်း ထိုလုပ်ငန်းမှ ကျွမ်းကျင်သူများကို ကိုးကား၍ The Nation သတင်းကဆိုသည်။ ထိုင်းသကြားလုပ်ငန်းသို့ အကြီးမားဆုံး ခြိမ်းခြောက်မှုမှာ ကမ္ဘာ့သကြားစျေးကွက်တွင် စျေးနှုန်းများမှာ ခြောက်နှစ်အတွင်း အနိမ့်ဆုံးအဖြစ် တပေါင်လျှင် ၁၀ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ ကျဆင်းနေခြင်းဖြစ်သည်။ ကမ္ဘာ့သကြားသိုလှောင်မှုမှာ ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ စက်တင်ဘာအထိ) တန်ချိန် ၇၈.၁၉ သန်းရှိနေပြီး၊ ကမ္ဘာ့သကြားထုတ်လုပ်မှုမှာ တန် ၁၈၁.၄၈ သန်းအထိရှိကာ စားသုံးမှုမှာ တန်ချိန် ၁၈၆.၄၅ သန်းတန်သာရှိနေသည်ဟု FO Licht အမည်ရှိ စိုက်ပျိုးရေးထုတ်ကုန် ကုန်သွယ်ရေးလုပ်ငန်းက စက်တင်ဘာလ ၁၉ ရက်နေ့တွင် အစီရင်ခံခဲ့သည်။

ကမ္ဘာ့အရန်သကြားပမာဏသည် တန်ချိန် ၇၂.၆၇ သန်း သို့မဟုတ် ကမ္ဘာ့စားသုံးမှု၏ ၃၈.၉၇ ရာခိုင် နှုန်းသို့ ၂၀၁၉ ခုနှစ်ကုန်တွင် ကျဆင်းသွားမည်ဟု ထိုအစီရင်ခံစာက ကြိုတင်ခန့်မှန်းထားသည်။ ကမ္ဘာ့အရန် သကြားပမာဏကြီးမားခြင်းကြောင့် သကြားစျေးနှုန်းများသည် နာလန်ထမည့် အလားအလာမရှိဘဲ ဆက်တိုက်ကျဆင်းစေသည်ဟုဆိုသည်။ လုပ်ငန်းဆောင်ရွက်မှု အလေ့အထအရ အစိုးရိမ်ရဆုံးနိုင်ငံမှာ သကြားအရန်တန်ချိန် ၁၅ သန်း ရှိနေပြီး အစိုးရက တန်ချိန် ၆ သန်း တင်ပို့ရန် အားပေးနိုင်သော အိန္ဒိယနိုင်ငံဖြစ်သည်။ သကြားပိုမိုတင်ပို့ရန် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်ချက်ကြောင့် သကြားစျေးနှုန်းများ ကျဆင်းရသည်ဟု တချို့သော နိုင်ငံများက မြင်ကြသည်။ ၂၀၁၈ ခုနှစ်က ပထမပိုင်း ရှစ်လတာ ကာလအတွင်း ထိုင်းနိုင်ငံ၏ သကြားတင်ပို့မှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၇.၂၁၂ သန်းမှ တန်ချိန် ၆.၀၆၇ သန်းသို့ ကျဆင်းသွားသည်။

အဓိကဖောက်သည်များတွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီယား၊ ထိုင်ဝမ်နှင့် မြန်မာတို့ပါဝင်ပြီး ၎င်းတို့ကလည်း သကြား

တင်သွင်းမှု လျှော့ချထားသည်။ ကမ္ဘာ့သကြားဈေး ကျဆင်းခြင်းအပြင် ထိုင်းသကြားလုပ်ငန်းအတွက် တခြား ပူပန်စရာ အချက်တခုမှာ ဘတ်ငွေတန်ဖိုး တက်လာခြင်းဖြစ်ကြောင်း Karpolpalit Namtarn Co Ltd မှ ဒါရိုက်တာ ပီရွမ်ဆက်ဆိုင်ဆွန်နီက ပြောသည်။ အမေရိကန် ၁ ဒေါ်လာကို ဘတ် ၃၀.၅၀ ထက် ပိုပြီး မာလာရင် ထိုင်းသကြားလုပ်ငန်းဟာ အဓိက ပြိုင်ဖက်ဖြစ်တဲ့ ဘရာဇီးဆီကို ဖောက်သည်တွေ ဆုံးရှုံးကုန်လိမ့်မယ်။ ဘရာဇီးငွေကြေး ရီရယ်က အားနည်းနေလို့ သကြား တင်ပို့တဲ့လုပ်ငန်းကို အရမ်းအထောက်အကူပြုနေတယ်ဟု သူကပြောသည်။

**Source: The Irrawaddy – Burmese Edition**

https://www.facebook.com/kope.aung

## ကရင်ရိုးရာ တာလပေါ့ဟင်းကို ဈေးကွက်ဝင်အောင် ဆောင်ရွက်သွားမည်




ကရင်ရိုးရာ အစားအစာဖြစ်သည့် တာလပေါ့ဟင်းလျာကို ဈေးကွက်ဝင် အစားအစာဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ပြီး တာလပေါ့ပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်ကပြောကြားလိုက်သည်။ ယခုစက်တင်ဘာလ ၂၈ ရက်က ကရင်ရိုးရာအစားအစာပြပွဲနှင့် တာလပေါ့ပြိုင်ပွဲကို ဘားအံမြို့နယ်တွင် ကျင်းပခဲ့ပြီး၊ နောင်နှစ်များတွင်လည်း ဖိတ်ခေါ်တာလပေါ့ ပြိုင်ပွဲများကို ပိုမိုကျယ်ပြန့်စွာ ပြုလုပ်သွားမည်ဖြစ်ကာ ဆုကြေးများလည်း တိုးမြှင့်ကာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကဆိုသည်။ ကျွန်မတို့ဆီမှာ ကရင်ပြည်နယ်ကို ရောက်လာရင် ကရင်တာလပေါ့နဲ့ ရိုးရာအစားအစာ သီးသန့်ရောင်းတဲ့ဆိုင်ဆိုတာက နည်းနေသေးတယ်၊ ယိုးဒယားအစားအစာဆိုင်က ဆိုင်တိုင်းလိုလို ရသလိုဖြစ်နေတယ်၊ ဒီနှစ်ပိုင်းအတွင်း ကရင်ရိုးရာအစားအစာဆိုင်တွေ နည်းနည်းလေးတော့ ရာခိုင်နှုန်းတိုးလာပြီလို့ ပြောလို့ရတယ်။ နောက်နှစ်စဉ်လည်း တာလပေါ့ပြိုင်ပွဲကို ကျင်းပမှာဖြစ်သလို၊ ဆုကြေးတွေကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးပြီးပေးသွားနိုင်ဖို့ ကြိုးစားသွားမှာပါဟု ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်ကပြောသည်။ ယခုနှစ်တွင် ဆုကြေးငွေအနေဖြင့် ပထမဆုကို ငွေကျပ် (၁၁) သိန်း၊ ဒုတိယဆုကို ငွေကျပ် (၉) သိန်း၊ တတိယဆုကို ငွေကျပ် (၇) သိန်း အသီးသီးချီးမြင့်ခဲ့ကြောင်းသိရသည်။

ကရင်တာလပေါ့ဟင်းမှာ ရာသီပေါ်အသီးအနှံနှင့် သားငါးများပေါ် မူတည်ပြီးချက်သည့်ဟင်းလျာဖြစ်ရာ မျိုးကွဲပေါင်းများစွာရှိသည့်အပြင် ဒေသကွဲပြားလျှင်လည်း အစပ်အဟပ်များ ကွဲပြားမှုရှိသည့်အတွက် နောက်နှစ်ပြိုင်ပွဲတွင် အမျိုးအစားကွဲပြားသော တာလပေါ့ဟင်းများကို ချက်ပြုတ်ယှဉ်ပြိုင်စေလိုသည်ဟု ယင်းကပြောကြားသည်။ ကျွန်တော်တို့ အခုအဓိက ယှဉ်ပြိုင်ရမှာတော့ မျှစ်တာလပေါ့ကို ယှဉ်ပြိုင်ရမှာပါ၊ ကျွန်တော်တို့ ဒေသမှာတော့ ဟင်းအခတ်အနေနဲ့ ငါးရံ့နဲ့ ငါးခူကို အဓိကသုံးတယ်၊ အခုဒီပြိုင်ပွဲမှာက ငါးကြင်းဖြူ(ချောင်းငါးကြင်းလုံး) နဲ့ ယှဉ်ပြိုင်ရမှာမျိုးဆိုတော့ အခက်အခဲတော့ နည်းနည်းရှိတယ်၊ အရသာပိုင်းမှာ နည်းနည်းတော့ ကျွန်တော်တို့ထင် ထားသလိုဖြစ်မှာမဟုတ်ဘူးဟု သထုံမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်သည့် စောကျော်ဝင်းကပြောသည်။

ယခုနှစ်တွင် ကျင်းပသည့် ကရင်ရိုးရာ တာလပေါ့ပြိုင်ပွဲသည် ပြည်နယ်အဆင့်အနေဖြင့် ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကာ၊ ယမန်နှစ်က ကရင်ပြည်နယ်အတွင်းရှိ အသင်းများကိုသာ ယှဉ်ပြိုင်နိုင်စေခဲ့ပြီး ယခုနှစ်တွင် ကရင်ပြည်နယ်အစိုးရ၏ အားပေးကူညီမှုဖြင့် အခြားတိုင်းနှင့်ပြည်နယ်ဖြစ်သော၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ အသင်းပေါင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါပြိုင်ပွဲတွင် ပထမဆုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုအနေဖြင့် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ တတိယဆုအနေဖြင့် ဘားအံမြို့နယ် ဒုံရင်းတိုက်နယ်မှ ကော့ထမလိန်း ကျေးရွာအသင်းတို့ အသီးသီးရရှိခဲ့ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်) ထံမှသိရှိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2470202916398523?__tn__=K-R

# STOCK EXCHANGE (2.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 2nd Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 11,500 | 11,500 | 333 | 3,829,500 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | -100 | -2.44% | 4,000 | 4,100 | 4,000 | 6,786 | 27,272,600 | 38,929,150 | 155,717 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 4 | 33,200 | 10,400,986 | 86,328 |
| FPB | 00004 | 23,500 | -2,500 | -9.62% | 24,000 | 24,000 | 23,500 | 689 | 16,279,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 49 | 147,000 | 12,823,224 | 38,470 |

## Market summary

As of 2nd Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 474.98 | -16.50 | -3.36% | 475.89 | 477.83 | 474.98 | 7,861 | 47,561,800 | 5 | 650,405 |

### Index chart




# Market Overview

As of 1:00 pm, 2nd Oct. 2019

| MYANPIX | 474.98 ▼16.50 |
|---|---|
| Total Volume (shares) | 7,861 |
| Total Value (MMK) | 48 mil |
| Listed Company | 5 |
| Market Cap. (MMK) | 650,405 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,000 | ▼ 100 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 23,500 | ▼ 2,500 |
| TMH | 00005 | 3,000 | ▲ 0 |